# အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅ ။)

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာပြီး တစ်နှစ်ပြည့်မြောက်ပြီးသည့် နေ့မှစတင်၍ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အပင်** ဆိုသည်မှာ အဏုဇီဝသက်ရှိများမှလွဲ၍ အပင်လောကအတွင်းရှိ မည်သည့် အပင်ကိုမဆို ဆိုသည်။

(ခ) **အပင်မျိုး** ဆိုသည်မှာ ရုက္ခဗေဒဆိုင်ရာ အမျိုးအစားခွဲခြားခြင်း၏ အနိမ့်ဆုံးအဆင့်တွင် ရှိပြီး သီးသန့်ရုပ်သွင်လက္ခဏာများပါရှိသည့် အပင်မျိုးကို ဆိုသည်။

(ဂ) **အပင်မျိုးသစ်** ဆိုသည်မှာ လက်ရှိအပင်မျိုးများနှင့် အနည်းဆုံး လက္ခဏာတစ်ရပ်ရပ်တွင် သိသာစွာ ကွဲလွဲမှုရှိပြီး စိုက်ပျိုးသည့်အခါ ယင်း၏လက္ခဏာရပ်များမှာ ညီညာမှုရှိ၍ ထပ်ဆင့်မျိုးပွားရာတွင်လည်း ယင်း၏လက္ခဏာရပ်များ ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်စွာ ဖော်ပြနိုင်သော အပင်မျိုးကိုဆိုသည်။

(ဃ) **အပင်မျိုးမွေးမြူသူ** ဆိုသည်မှာ အပင်မျိုးသစ် သို့မဟုတ် အပင်မျိုးတစ်မျိုးကို မွေးမြူသူ သို့မဟုတ် ရှာဖွေဖော်ထုတ်သူကိုလည်းကောင်း၊ အပင်မျိုးမွေးမြူသူအား အဖိုးအခဖြင့် တာဝန်ပေးအပ်သူလုပ်ငန်းပိုင်ရှင်ကိုလည်းကောင်း၊ အပင်မျိုးမွေးမြူသူ၏ တာဝန်ကို တရားဝင်ဆက်လက်တာဝန်ယူသည့် ပုဂ္ဂိုလ်ကိုလည်းကောင်း ဆိုသည်။

(င) **အပင်မျိုးသစ်ကာကွယ်သည့်အခွင့်အရေး** ဆိုသည်မှာ အပင်မျိုးမွေးမြူသူက မွေးမြူထုတ်လုပ်လိုက်သည့် အပင်မျိုးသစ်ကို ဤဥပဒေ ပုဒ်မ ၂၃ ပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယင်းမျိုးမွေးမြူသူ၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ရန် ကာကွယ်နိုင်သည့်အခွင့်အရေးကို ဆိုသည်။

(စ) **အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး** ဆိုသည်မှာ ကာကွယ်ခွင့်ရရှိထားသည့် အပင်မျိုးသစ်ကို ဤဥပဒေ ပုဒ်မ ၂၃ ပါလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်မည်ဆိုပါက ယင်းအပင်မျိုးမွေးမြူသူက ခံစားခွင့်ရရှိနိုင်သည့် ရပိုင်ခွင့်အခွင့်အရေးကို ဆိုသည်။

(ဆ) **မျိုးပွားနိုင်သည့်အပင်အစိတ်အပိုင်း** ဆိုသည်မှာ ထပ်မံမျိုးပွားရန်အတွက် အသုံးပြုသည့် မျိုးစေ့ သို့မဟုတ် အပင်တစ်ပင်လုံး သို့မဟုတ် အပင်၏အစိတ်အပိုင်းများကို ဆိုသည်။

(ဇ) **ရိတ်သိမ်းနိုင်သည့်အစိတ်အပိုင်း** ဆိုသည်မှာ အပင်တစ်ပင်ရှိ စီးပွားဖြစ် အသုံးပြုနိုင်သော အစိတ်အပိုင်း သို့မဟုတ် ယင်းအပင်မှရရှိလာသော ထုတ်ကုန်ကို ဆိုသည်။

(ဈ) **အသိအမှတ်ပြုလက်မှတ်** ဆိုသည်မှာ အပင်မျိုးသစ်ကို ကာကွယ်ခွင့်ပြုကြောင်း အပင်မျိုး မွေးမြူသူအား ဤဥပဒေအရ ထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(ည) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနကို ဆိုသည်။

(ဋ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော အမျိုးသား အပင်မျိုးသစ် အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီကို ဆိုသည်။

(ဌ) **ဦးစီးဌာန** ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာနကိုဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

(က) အပင်မျိုးသစ်မွေးမြူသူများ၏ ရပိုင်ခွင့်အခွင့်အရေးကို အကာအကွယ်ပေးရန်၊

(ခ) အပင်မျိုးသစ်မွေးမြူခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဂ) အပင်မျိုးသစ်မွေးမြူခြင်းလုပ်ငန်းတွင် ပြည်တွင်း၊ ပြည်ပရင်းနှီးမြုပ်နှံမှုများ ပိုမို တိုးတက်လာစေရန်၊

(ဃ) အပင်မျိုးသစ်များ မွေးမြူရရှိလာခြင်းဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်။

## အခန်း(၃)
## ဗဟိုကော်မတီ ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမျိုးသားအပင်မျိုးသစ် အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီကို ဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးက ဥက္ကဋ္ဌ အဖြစ် လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဤဥပဒေနှင့်

ဆက်စပ်အကျုံးဝင်သည့် ဝန်ကြီးဌာနများရှိ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူပညာရှင်များနှင့် အခြားသင့်လျော်သူများကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်ဖွဲ့စည်းရမည်။

၅။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဗဟိုကော်မတီ ဖွဲ့စည်းရာတွင် လိုအပ်လျှင် ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးအပ်နိုင်သည်။

၆။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဗဟိုကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း(၄)
## ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များ

၇။ ဗဟိုကော်မတီသည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် အပင်မျိုးမွေးမြူခြင်းဆိုင်ရာ မူဝါဒများ ချမှတ်ရမည်။

(ခ) အပင်မျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်သည့်အစိုးရဌာနများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးစေ့နှင့် အပင်အစိတ်အပိုင်းများကို နိုင်ငံအချင်းချင်း သဘောတူညီချက်အရ သုတေသနပြုလုပ်နိုင်ရန်အတွက် လိုအပ်သလို ပေးပို့ခြင်းနှင့် လက်ခံခြင်းများ ဆောင်ရွက်ရမည်။

(ဃ) အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းခြင်း၊ အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်ပေးအပ်ခြင်းများ ဆောင်ရွက် ရမည်။

၈။ ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူမှ အပင်မျိုးသစ်ကာကွယ်သည့်အခွင့်အရေး လျှောက်ထား လာသည့်အခါသတ်မှတ်ချက်များနှင့်ကိုက်ညီပါက ယင်းအပင်မျိုးသစ်ကို ကာကွယ်နိုင်သည့် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရမည်။

၉။ ဗဟိုကော်မတီသည် ဤဥပဒေအရတာရားစွဲဆိုရာတွင် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာ ကော်မတီ၏ စစ်ဆေးတွေ့ရှိချက်အပေါ် မူတည်၍ ခွင့်ပြုချက်ပေးနိုင်သည်။

## အခန်း(၅)

## အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုရန် သတ်မှတ်ချက်များ

၁၀။ အပင်မျိုးမွေးမြူသူမှ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည် အသိအမှတ်ပြုလက်မှတ်ရရှိရန် လျှောက်ထားလာသည့်အချိန်တွင်-

(က) အဆိုပါမျိုး၏မျိုးစေ့များ သို့မဟုတ် အခြားမျိုးပွားနိုင်သည့် အပင်အစိတ်အပိုင်းများအား မြန်မာနိုင်ငံအတွင်းတွင် တစ်နှစ်ထက်စော၍သော်လည်းကောင်း၊ အခြားပြည်ပနိုင်ငံများတွင် လေးနှစ်ထက်စော၍သော်လည်းကောင်း၊ နှစ်ရှည်ပင်နှင့် နွယ်ပင်များဖြစ်ပါက ခြောက်နှစ်ထက်စော၍သော်လည်းကောင်း စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ခြင်း၊ အခြားအသုံးပြုမှုများအတွက် ရောင်းချခြင်း မရှိစေရ။

(ခ) အဆိုပါမျိုး၏ ထွက်ကုန်များကို အသုံးပြု၍ ထပ်ဆင့်ထုတ်ကုန်များအတွက် ခွင့်ပြုထားမှု မရှိစေရ။

၁၁။ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည် အများလက်ခံသိရှိထားသည့် အခြားမည်သည့် အပင်မျိုးနှင့်မဆို သိသာစွာကွဲပြားခြားနားသည့် ထူးခြားသောလက္ခဏာရှိရမည်။

၁၂။ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည် စိုက်ပျိုးထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ကြောင့်ဖြစ်ပေါ်နိုင်သည့် ကွဲလွဲချက်များမှအပ ကျန်ထူးခြားသည့်လက္ခဏာများကို ညီညာစွာ ဖော်ပြနိုင်ရမည်။

၁၃။ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည် သားဆက်အဆင့်ဆင့်မျိုးပွားရာတွင် ယင်း၏ ထူးခြားသောသွင်ပြင်လက္ခဏာများကို တည်ငြိမ်စွာဖော်ပြနိုင်ရမည်။

၁၄။ အပင်မျိုးသစ်ကိုအမည်ပေးရာတွင် နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အမည်ပေးရမည်။

## အခန်း(၆)

预览已结束，完整报告链接和二维码如下：
https://www.yunbaogao.cn/report/index/report?reportId=10_752509